**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

www.knuhq.org

**မြန်မာ့တပ်မတော်မှ KIO ဗိုလ်သင်တန်းကျောင်းသို့ လက်နက်ကြီးဖြင့်ပစ်ခတ်မှုအပေါ်**
**KNU ၏ သဘောထား ထုတ်ပြန်ချက်**

**ရက်စွဲ- နိုဝင်ဘာလ ၂၁ ရက်၊ ၂၀၁၄ခုနှစ်။**

၁။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ(၁၉)ရက်နေ့တွင် မြန်မာတပ်မတော်မှ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် KIO ဗိုလ်သင်တန်းကျောင်းတွင် သင်တန်းတက်ရောက်သည့် သင်တန်းသားလူငယ်(၂၃)ဦး သေဆုံးကာ (၂၀)ဦး ဒါဏ်ရာရသည်ဟု သတင်းရရှိပါသဖြင့် များစွာဝမ်းနည်းမိပါသည်။

၂။ ဤတိုက်ခိုက်မှုသည် ယနေ့ငြိမ်းချမ်းရေးတည်ဆောက်နေသည့်အချိန်ကာလတွင် မဖြစ်ပွားသင့်ပေ။ ယခုအချိန်တွင် KIO နယ်မြေအတွင်း တိုက်ပွဲများဖြစ်ပွားခြင်းသည်လည်း ယနေ့သမ္မတဦးသိန်းစိန် အစိုးရမှ ကြိုးပမ်းဆောင်ရွက်နေသော ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်မှုအစီအစဉ်အား ထိခိုက်မည် ကိုလည်း စိုးရိမ်မိပါသည်။

၃။ KIO အဖွဲ့အစည်းသည် အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်အတူ NCCT တွင် တပြည်လုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိရန်
တက်ကြွစွာပူးပေါင်းပါဝင်လျှက်ရှိနေပါသည်။

၄။ ယနေ့ KIO နယ်မြေအတွင်း ဖြစ်ပွါးနေသောတိုက်ပွဲများကို ရပ်စဲပြီး နှစ်ဖက်စလုံးမှ ငြိမ်းချမ်းစွာ တွေ့ဆုံ ညှိနှိုင်းဖြေရှင်းသွားရန်ကိုလည်း တိုက်တွန်းပါသည်။

၅။ ပြည်ထောင်စုငြိမ်းချမ်းရေးဖေါ်ဆောင်ရေးလုပ်ငန်းကော်မတီမှလည်း လိုအပ်သလို အမြန်ဆုံးညှိနှိုင်း ဆောင်ရွက်ပေးပါရန် လေးနက်စွာဖြင့် တိုက်တွန်းတောင်းဆိုပါသည်။

ဗဟိုအမြဲတမ်းကော်မတီ
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
ဗဟို

*********